# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 22 , 2024 | Volume 75, Number 15


၂၂.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၆.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၈၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ကြက်သွန်ဖြူဈေးကောင်းရနေ




ကြက်သွန်ဖြူအသစ်များ ဝင်ရောက်နေသော်လည်း ကြက်သွန်ဖြူဈေးများ ပြန်လည်မြင့်တက်လာကြောင်း ကုန်သည်များနှင့် စားသုံးသူများထံမှ သိရသည်။

ယခုနှစ် ကြက်သွန်ဖြူပေါ်ချိန် တရုတ်နိုင်ငံမှ တရားမဝင်တင်သွင်းနေသည့် ကြက်သွန်ဖြူများ အဝင်နည်းလာသည့်အတွက် ဈေးကောင်းရနေခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။

လက်ရှိ ကြက်သွန်ဖြူကတော့ ဈေးတော်တော်လေးကောင်းတယ်လို့ ပြောလို့ရတယ်။ အခုနှစ်ကတော့ နယ်စပ်မှာ ကြက်သွန်တွေ သိပ်မဝင်ဘူး။ ဒါကြောင့် ဈေးကောင်းရနေတာ။ ဈေးတွေကတော့ အမြဲတမ်းပြောင်းနေတော့ ဈေးကိုပုံမှန်တင်ရောင်းလို့ မရဘူးဖြစ်တယ်”ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ကြက်သွန်ပွဲရုံတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၁၄ ရက်နေ့က ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်ဖြူ ကြူကုတ်ရှယ် တစ်ပိဿာလျှင် ၉၀၀၀ မှ ၉၂၀၀ အထိသာရှိခဲ့ပြီး လက်ရှိတွင် ၉၂၀၀ မှ ၉၄၀၀ အထိ ပြန်မြင့်တက်လာကြောင်းသိရသည်။

ထို့ပြင် အောင်ပန်း ထူး –၂ တစ်ပိဿာလျှင် ၁၅,၈၀၀ မှ ၁၆,၅၀၀သို့ လည်းကောင်း၊ အောင်ပန်း ထူး–၃တစ်ပိဿာလျှင် ၁၆,၂၀၀ မှ ၁၇,၀၀၀သို့လည်းကောင်း၊ အောင်ပန်း

ထူး-၅ တစ်ပိဿာလျှင် ၁၇,၀၀၀ မှ ၁၇,၈၀၀ အထိလည်းကောင်း အသီးသီးပြန်လည်မြင့်တက်လာကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အဝင်နည်းလာ၍ ရှမ်းကြက်သွန်ဖြူများ မြင့်တက်နေခြင်း ဖြစ်ကြောင်း ရန်ကုန်မြို့ပွဲရုံတချို့ကပြောသည်။

ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလ ကြက်သွန်ဖြူတစ်ပိဿာလျှင် အများဆုံးဈေး ၅၀၀၀ ဝန်းကျင်သာရှိတာကြောင့် ၃ဆ အထိ ခုန်တက်သွားခြင်းဖြစ်သည်။

လွန်ခဲ့တဲ့ ၅ ရက်လောက်က ကြက်သွန်ဖြူ ပြန်ကျသွားတယ်၊ တစ်ပိဿာကို ၁၂,၀၀၀ ပဲ ဝယ်ရတယ်။ အခု တစ်ပိဿာကို ၁၅,၀၀၀ ပြန်ဖြစ်နေပြီး ဈေးတွေက တစ်နေ့နဲ့တစ်နေ့မတူဘူး အမြဲပြောင်းနေတယ်”ဟု ရန်ကုန်၊ ဒဂုံမြို့သစ်မှ စားသုံးသူ တစ်ဦးကပြောသည်။

ပြည်တွင်းစိုက်တောင်သူအနေဖြင့်လည်း ဈေးကောင်းရရှိနေကြောင်း အောင်ပန်းကုန်စည်ဈေးကွက်မှ သိရသည်။ လက်ရှိ ရှမ်းပြည်နယ်ဘက်တွင် ထူး-၂ တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်ဖြင့်ရောင်းချနေပြီး ထူး-၅ တစ်ပိဿာလျှင် ၁၅,၀၀၀ ကျပ်ဖြင့် ရောင်းချနေကြောင်းသိရသည်။ ဒေသတစ်ခုနှင့်တစ်ခု ဈေးကွာနိုင်ကာ အချိန်မရွေးပြောင်းလဲနေကြောင်းသိရသည်။

ကြက်သွန်ဖြူကို အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့်မတ်လမှာ ကြက်သွန်ဖြူ အသစ်များပေါ်ကြောင်း သိရသည်။

**Source: AMIA**

## မန္တလေးပဲနှမ်းဈေးကွက်တွင် တရုတ်နှစ်သစ်ကူးပွဲတော်ကာလအပြီး နှမ်း၊ မြေပဲဆန်နှင့် ပဲတီစိမ်းတို့ အရောင်းအဝယ်ကောင်းမွန်



မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် တရုတ်နှစ်သစ်ကူး ပွဲတော်ကာလအပြီး၌ နှမ်း၊ မြေပဲဆန်နှင့်ပဲတီစိမ်းတို့ အရောင်း အဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်း ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။ အဆိုပါဈေးကွက်၌ တရုတ်နှစ်သစ်ကူး ပွဲတော်ကာလဖြစ်သည့်အတွက် အရောင်းပါး နေခြင်းဖြစ်ကာ ပွဲတော်ကာလပြီးသည့် နောက်ပိုင်းမှသာ ဝယ်ယူမှုပြန်လည်ကောင်းမွန်လာခြင်းဖြစ်သည်။

“မန္တလေးပဲ၊ နှမ်းဈေးကွက်အတွင်း တရုတ်နှစ်သစ်ကူး ပွဲတော်ကာလမှာ ဝယ်လက်တွေ ခေတ္တရပ်နားထားကြတာပါ။ ပွဲတော်ကာလပြီးတဲ့အခါမှ ဝယ်လက်တွေ ဈေးကွက်ထဲကို အသီးသီးပြန်ရောက်လာကြတာပါ။ လက်ရှိမှာတော့ နှမ်း၊ မြေပဲဆန်နဲ့ ပဲတီစိမ်းတို့ကို အမြောက်အမြားဝယ်ယူပြီး တရုတ်နိုင်ငံကို တင်ပို့နေပါတယ်” ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။ ထိုသို့ တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့် ယခုအခါ မန္တလေးပဲ၊ နှမ်း ဈေးကွက်အတွင်း နှမ်း၊ မြေပဲဆန်နှင့် ပဲတီစိမ်းများသည် ယခင်နှစ်ကာလတူထက် ဈေးကောင်းပိုမိုရရှိကာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ ယခင်နှစ်ကာလတူက မြေပဲဆန်နီ တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ သာဈေးရှိခဲ့ပြီး ယခုနှစ်တွင် မြေပဲဆန်နီတစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀ ခန့်ဈေးရရှိကြောင်း သိရသည်။

ထို့အတူ ယခင်နှစ် တရုတ်နှစ်သစ်ကူး ပွဲတော်ကာလပြီးချိန်က မြေပဲဆံ S1 တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ဈေးရှိခဲ့ပြီး ယခုအခါ မြေပဲဆံ S1 တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ အထိ ဈေးရှိလာကြောင်း၊ ပဲတီစိမ်းဈေးနှုန်းမှာလည်း ယခင်နှစ်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁,၄၅,၀၀၀ ဈေးရှိခဲ့ပြီး ယခုအခါ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁,၈၅,၀၀၀ အထိ ဈေးရှိလာကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## မြေပဲဆန်ဈေးကောင်းတာကြောင့် မြေနုကျွန်းစိုက်တောင်သူများ အဆင်ပြေ

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးသည့်မြေပဲဆန်များ ယခင်နှစ်ထက် ဈေးကွက်ဈေးကောင်းရရှိတာကြောင့် မြေနုကျွန်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

မြေနုကျွန်းစိုက် မြေပဲစိုက်ခင်းများကို အောက်တိုဘာလ ၁၅ ရက် ဝန်းကျင်က စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် နုတ်သိမ်းရာ တစ်ဧက မြေပဲတင်း(၅၀)ခန့်ထွက်ရှိတာကြောင့်လည်း အထွက်နှုန်းကောင်းခဲ့သည်။ ထို့ပြင် မြေပဲဆန်ဈေးမှာလည်း ပိဿာ ၁၀၀ လျှင် ငွေကျပ် ၈,၇၀,၀၀၀ ကျော် ပေါက်ဈေးရှိတာကြောင့်လည်း တောင်သူများထပ်ဆင့် အကျိုးအမြတ်ကောင်းခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကို ပြောသည်။

“မြေနုကျွန်းစိုက်ခင်းတွေကို စက်တင်ဘာ ရေကျချိန်မှာ မြေပြုပြင်ပြီး ဈေးကွက်ကောင်းမည့် သီးနှံကိုရွေးချယ်စိုက်ပျိုးခဲ့တာပါ။ သီးနှံရွေးချယ်မှုကလည်း အရေးကြီးပါတယ်။ မြေနုကျွန်းရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံလည်းဖြစ်ပါတယ်။ အထွက်နှုန်းလည်းကောင်းသလို ဒီနှစ်မြေပဲဈေးကွက်ကောင်းတော့ တောင်သူတွေ အဆင်ပြေကြပါတယ်”ဟု ၎င်းကပြောသည်။

မြေနုကျွန်းစိုက်ခင်းများတွင် မြေပဲစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးစရိတ်၊ သွင်းအားစုများဈေးကောင်းခြင်း၊ လုပ်သားစရိတ်၊ စက်သုံးဆီများ ဈေးများကြီးမြင့်တာကြောင့် တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ် ၆ သိန်းဝန်းကျင် ကုန်ကျသော်လည်း မြေပဲဆန်ဈေး ကောင်းမွန်တာကြောင့် တစ်ဧက ငွေကျပ် ၁၄ သိန်းခန့် အကျိုးအမြတ်ရရှိ ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကားဈေးကွက်အတွင်း ရောင်းလိုအားများသဖြင့် အတက်ဈေး၌ ဈေးကွက်အေးနေ

ရန်ကုန်ကားဈေးကွက်မှာ ICE လို့ခေါ်တဲ့ လောင်စာဆီသုံးကားတွေကို ပြန်လည်ရောင်းချလိုသူများလာလို့ ဝယ်လိုအားနည်းပြီး ဈေးကွက်အေးနေကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူတွေထံကနေ သိရပါတယ်။

အကြောင်းအမျိုးမျိုးနဲ့ ကားရောင်းချလိုသူတွေများလာပြီး အချို့ဆိုရင် နိုင်ငံရပ်ခြားခရီးကို ထွက်ခွာသွားဖို့ ၎င်းတို့ရဲ့ ပိုင်ဆိုင်မှုဖြစ်တဲ့ ကားရောင်းချမှုတွေလည်း ရှိလာပါတယ်။

အခုရက်ပိုင်းအတွင်းမှာ ဈေးတက်တာရပ်ပြီး အရောင်းအဝယ်ပြန်အေးသွားတယ်လို့ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း ဘယ်မောင်း ကျပ်သိန်း ၁၀၀၀ တန် ကားတွေ ၁၀ ရာခိုင်နှုန်းခန့် ဈေးတက်သွားပြီး ကျပ်သိန်း ၁၀၀၀ နဲ့ ၂၀၀၀ ကြား ကားတွေကတော့ ၇ ရာခိုင်နှုန်း ဈေးတက်သွားခဲ့ပါတယ်။

ယခုနှစ်ဆန်းပိုင်းကစလို့ ICE ကားတွေက ဈေးလှုပ်လှုပ်ခတ်ခတ်ဖြစ်ကာ အရောင်းအဝယ်ပြန်ဖြစ်ခဲ့ပေမဲ့ ယခုလောလောဆယ်မှာတော့ အတက်ဈေးမှာရပ်ပြီး အရောင်းအဝယ်နည်းသွားပါတယ်။ ဝယ်တဲ့သူနည်းပြီး ရောင်းတဲ့သူများလို့ ဈေးကွက်မှာ စောင့်ကြည့်နေဆဲအဆင့်ဖြစ်နေတယ်လို့ အသင်းတာဝန်ရှိသူက ဆိုပါတယ်။

ယခုရက်ပိုင်း ကားဈေးကွက်မှာတော့ ကုမ္ပဏီ ၈၃ ခုအထိ ကားတင်သွင်းခွင့်ပြုလိုက်တာကြောင့် EV ကား ဝယ်ရောင်းလည်း ဈေးကွက်ပြန်ငြိမ်သွားခဲ့ပါတယ်။

Source: BETV Business

## တဖြည်းဖြည်းဈေးကျလာတဲ့ ကြက်သွန်နီ

မကွေးတိုင်းဒေသကြီးရှိ ကြက်သွန်နီအရောင်းအဝယ်ပြုလုပ်သည့် ဆိပ်ဖြူကုန်စည်ဒိုင်သို့ အနီးအနားရှိ ကြက်သွန်ထွက်ရှိရာဒေသများမှ လာရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပါသည်။ ကြက်သွန်နီသည် စားဖိုဆောင်တွင် မရှိမဖြစ်သီးနှံဖြစ်ပါသည်။ ကြက်သွန်နီသည် သိုလှောင်ရာတွင်ပုပ်သိုးလွယ်၍ စနစ်တကျလေဝင်လေထွက်ကောင်းမွန်သော အဆောက်အဦတွင် သိုလှောင်ကြရသည်။ ပြည်ပဝယ်လိုအားရှိပါက ကြက်သွန်နီဈေးကောင်းရရှိသော်လည်း ပြည်တွင်းစားသုံးမှုများသည့်သီးနှံဖြစ်၍ ပြည်တွင်းဝယ်လိုအားလည်း ပုံမှန်ရှိနေသည်။

ကြက်သွန်နီကို Value Added အနေဖြင့် ကြက်သွန်နီခြောက်၊ ကြက်သွန်နီကြော်များကို ထုတ်လုပ်ပြီး ပါကင်အိတ်များဖြင့် ကြာရှည်အထားခံရန်နှင့် အိမ်ရှင်မများ အလွယ်တကူအသုံးပြုနိုင်ရန်တို့အတွက် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင် တင်ပို့ရောင်းချရန်အတွက်ပါ ဆောင်ရွက်လျက်ရှိသည်။

ကြက်သွန်နီဈေးနှုန်းများမှာ မိုးကြက်သွန်ပေါ်စတွင် ဈေးကောင်းရနေပြီး နောက်ပိုင်းတွင် ဈေးအနည်းငယ်ကျဆင်းလာသည်။ ပေါ်စတွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၂၅၀၀)ကျော် ဈေးအထိရရှိပြီး ယခုအချိန်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၂၀၀၀)ကျော်သာ ဈေးရရှိ၍ ဈေးအနည်းငယ် ကျဆင်းနေသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## ဆီးသီးအစို/အခြောက်များ အရောင်းအဝယ်ဖြစ်ပြီး ဆီးခွဲစက်များ လည်ပတ်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အတွင်းရှိ မြစ်ခြေ၊ ကမ္ဘမြို့နယ်များသည် ဆီးပင်များ အများဆုံးပေါက်ရောက်ပြီး ဆီးသီးအစို/အခြောက်များ ထွက်ရှိသော မြို့နယ်များဖြစ်ကာ ပခုက္ကူမြို့ ဈေးကွက်အတွင်းသို့ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမပတ်တွင် ဆီးသီးအစို ၁ တင်းလျှင် လက်ကားဈေး ကျပ် ၁၀,၀၀၀၊ လက်လီဈေး ကျပ် ၁၂,၀၀၀၊ ဆီးသီး အခြောက် ၁ တင်းလျှင် ကျပ် ၁၃,၀၀၀၊ ဆီးဆံ တစ်ပိဿာလျှင် ကျပ် ၅၅,၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လက ဆီးသီးအစို ၁ တင်းလျှင် ကျပ် ၁၃,၅၀၀-၁၄,၀၀၀၊ ဆီးသီး ခြောက် ၁ တင်းလျှင် ကျပ် ၁၄,၀၀၀၊ ဆီးဆံ ၁ ပိဿာလျှင် ကျပ် ၅၆,၀၀၀-၅၇,၀၀၀ ဖြစ်ခဲ့သော် လည်း ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဈေးအနည်းငယ်ကျလာကြောင်း သိရသည်။

ဆီးသီးပေါ်ချိန်ဖြစ်၍ ဆီးခွဲစက်များလည်း လည်ပတ်လျက်ရှိကြောင်း၊ ဆီးခွဲစက် ၅ လုံးရှိပြီး တစ်ပတ်လျှင် ၃ ရက်ကြိတ်ခွဲရကြောင်း၊ တစ်နေ့လျှင် ဆီးသီးခြောက်ပိဿာ ၅၀၀ မှ ၇၀၀ အကြား ကြိတ်ခွဲရကြောင်း၊ ဆီးသီးခြောက်များကို ၁ တင်းလျှင် ကျပ် ၁၂,၅၀၀- ၁၃,၅၀၀ ဖြင့် ဝယ်ရပြီး၊ ဆီးသီး ခြောက်ပိဿာ ၁၀၀ ကြိတ်လျှင် ဆီးဆံ ၂၅ ပိဿာထွက်၍ ဆီးဆံ ၁ ပိဿာလျှင် ကျပ် ၅၅,၀၀၀ ဈေးရှိသောကြောင့် အမြတ်အစွန်းများ ရရှိကြောင်း၊ ယခင်နှစ်က ဆီးသီးအစို ၁ တင်းလျှင် ကျပ် ၇,၀၀၀၊ ဆီးသီးခြောက် ၁ တင်းလျှင် ကျပ် ၁၁,၀၀၀ ၊ ဆီးဆံတစ်ပိဿာလျှင် ကျပ် ၂၆,၀၀၀ - ၂၈,၀၀၀ ဖြစ်၍ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ်ပို၍ အမြတ်အစွန်းရရှိကြောင်း၊ ကြိတ်ခွဲရရှိလာ သောခွဲခြမ်းများမှာ တစ်ပိဿာလျှင် ကျပ် ၅,၀၀၀ ဈေးရှိသောကြောင့် တွက်ချေကိုက်၍ ပို၍လည်ပတ်နိုင်ကြောင်းနှင့် အခြားဆီးခွဲစက်များလည်း အလားတူလည်ပတ်လျက်ရှိကြောင်း၊ ဆီးပင်မှာ တစ်ပင်လုံး အသုံးဝင်သောကြောင့် ယခုအချိန်တွင် သဘာဝအလျောက် ပေါက်ရောက်သည့် အပင်များအပြင် လယ်မြေများတွင် တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ ဆီးဆံမှာ ဆေးဖက်ဝင်၍ ပြည်ပသို့တင်ပို့နေရသောကြောင့် ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ပါက ပြည်တွင်းကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%86%E1%80%AE%E1%

## တရုတ်နိုင်ငံ၏ ဗဟိုဘဏ်သည် နိုင်ငံခြားဗဟိုဘဏ်များနှင့် ငွေကြေးလဲလှယ်မှုသဘောတူညီချက် (၄၀) ခုကို လက်မှတ်ရေးထိုးထား

တရုတ်နိုင်ငံ၏ ဗဟိုဘဏ်ဖြစ်သော တရုတ်ပြည်သူ့ဘဏ် (The People's Bank of China -PBOC) သည် နိုင်ငံခြားမှ ဗဟိုဘဏ်များ (သို့မဟုတ်) ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအကြားငွေကြေးလဲလှယ်ရေးသဘောတူညီချက် (Bilateral currency swaps) (၄၀) ကျော်ကို လက်မှတ်ရေးထိုးထားကြောင်း PBOC ၏ အစီရင်ခံစာအရ သိရသည်။

လက်ရှိတွင် Bilateral currency swaps (၃၁) ခုသည် အသက်ဝင်နေပြီး စုစုပေါင်းပမာဏ ယွမ် (၄ ဒသမ ၁၆) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၈၆ ဘီလီယံခန့်) ရှိသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

Bilateral currency swaps ဆိုသည်မှာ နိုင်ငံတစ်ခု၏ ဗဟိုဘဏ်သည် ၎င်းနိုင်ငံ၏ငွေကြေးကို အခြားနိုင်ငံ၏ငွေကြေးနှင့် လဲလှယ်နိုင်သည့် ငွေကြေးဆိုင်ရာအစီအစဉ်များဖြစ်ကြောင်း သိရသည်။

ငွေလဲလှယ်မှု ကုန်ကျစရိတ်များကို သက်သာစေပြီး ငွေလဲနှုန်းနှင့် ပတ်သက်သည့် စွန့်စားမှုများကို လျှော့ချပေးခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် လဲလှယ်မှုရန်ပုံငွေများကို အသုံးပြုနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ချုပ်ဆိုထားသော ငွေကြေးလဲလှယ်မှု သဘောတူညီချက်များသည် ဈေးကွက်ယုံကြည်မှုကို မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိန်းသိမ်းရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

**Source:** https://english.news.cn/20240216/b6aa7014d4ea420ba247a4e019b1ef9f/c.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## STOCK EXCHANGE (22.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,600 | 8,500 | 315 | 2,678,500 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,850 | 9,044 | 26,212,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 459 | 701,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 255 | 449,000 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,600 | 4,700 | 4,600 | 85 | 395,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 4,343 | 7,386,250 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.78 | -0.88 | -0.24% | 360.44 | 360.98 | 357.97 | 14,501 | 37,822,800 | 8 | 678,618 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Feb. 2024

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

## Main Board

As of 1:00 pm, 21st Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

| MYANPIX | 359.78 ▼ 0.88 |
|---|---|
| Total Volume (shares) | 14,501 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,618 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,700 | ▼ 50 |

TIR

TIR